# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ကောင်စီ

## ရန်ကုန်မြို့

## ၁၉၇၇ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ

**[၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁။]**

**၁၃၃၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်။**

**(၁၉၇၇ ခုနှစ်၊ မတ်လ ၃၁ရက်။)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ အနှစ် (၂၀) နှစ်ရှည်စီမံကိန်းနှင့် ဒုတိယလေးနှစ်စီမံကိန်း လမ်းညွှန်မှုများတွင် ပါရှိသည့် ရည်မှန်းချက်နှင့် ဒုတိယလေးနှစ်စီမံကိန်း (၁၉၇၄-၇၅ မှ ၁၉၇၇-၇၈) တို့ ၏ ရည်မှန်းချက်များကို ရရှိစေရန် အလို့ငှါ၊ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

### အခန်း(၁)

### အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၇ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များ ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၇၇-၇၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၇ ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ စတင်အာဏာ တည်ရမည်။

### အခန်း(၂)

### စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သော ဒုတိယလေးနှစ် စီမံကိန်း၏ လမ်းညွှန်မှုများနှင့် အညီ ပြန်လည်ရေးဆွဲထားသည့် ဒုတိယလေးနှစ်စီမံကိန်း၏ စတုတ္ထနှစ် ဖြစ်သော ၁၉၇၇-၇၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက်ရည်မှန်းချက်များကို ရရှိ နိုင်ရန်အတွက် ယင်းကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက် အကောင်အထည် ဖော်ကြရမည်။

(ပုံ) နေဝင်း

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ရန်ကုန်မြို့၊ ၁၃၃၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်။
(၁၉၇၇ ခုနှစ်၊ မတ်လ ၃၁ ရက်။)

အမိန့်အရ၊
(ပုံ) မြကျော်
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်ကောင်စီရုံး၊
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၇၇ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ၏နောက်ဆက်တွဲ ဇယား

Myanmar Law Information System (MLIS)